ညဏ်လင်းသစ်သုတေသနအဖွဲ့မှ ၂၀၂၃ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ထုတ်ဝေသည်။

# စစ်အုပ်စု၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

NYAN LYNN THIT ANALYTICA

စစ်အာဏာသိမ်းရန်ကြိုးပမ်းပြီးနောက် စစ်အုပ်စုနှင့် အပေါင်းအပါများက ကျူးလွန်ခဲ့သော လူ (၅) ဦး ထက်မနည်း တပြိုင်တည်းသေဆုံးခဲ့သည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်ပေါင်း အနည်းဆုံး ၁၄၇ ကြိမ် ရှိခဲ့သည်။ အာဏာသိမ်းကာလ ၂ နှစ်ကျော်အတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြောင့် ၁၅၈၂ ဦး သေဆုံးခဲ့သည်။ (၁) ဆန္ဒပြပွဲများကို ဖြိုခွင်းစဉ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း (၂) လေကြောင်းတိုက်ခိုက်မှုကြောင့်ဖြစ်စေ၊ လေကြောင်းအကူအညီဖြင့်ဖြစ်စေ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း (၃) လက်နက်ကြီးဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း (၄) တိုက်ပွဲဖြစ်ပွားစဉ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်စဉ် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း နှင့် (၅) အစုလိုက်အပြုံလိုက်တံဆိပ်ကပ်သတ်ဖြတ်ခြင်း စသည်ဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖြစ်စဉ် ပုံစံအမျိုးမျိုးကို တွေ့ရသည်။

**ဆန္ဒပြပွဲများကို ဖြိုခွင်းစဉ် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း -** နွေဦးတော်လှန်ရေးအစောပိုင်း ကာလများတွင် ငြိမ်းချမ်းစွာဆန္ဒပြသူများကို စစ်အုပ်စုမှ အကြမ်းဖက်ဖြိုခွင်းကာ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့သည်။

**လေကြောင်းတိုက်ခိုက်မှုကြောင့်ဖြစ်စေ၊လေကြောင်းအကူအညီဖြင့်ဖြစ်စေ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း -** စစ်အုပ်စုသည် တပ်ဖြန့်ရန်နှင့် လေကြောင်းတိုက်ခိုက်ရန်အတွက် ရဟတ်ယာဉ် များကို အသုံးပြုပြီး ဗုံးကြဲရန်နှင့် တိုက်ခိုက်ရန်အတွက် ဂျက်ဖိုက်တာများကို သုံးလေ့ရှိသည်။ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားများစွာ သေဆုံးခဲ့ရသည်။ လေကြောင်းတိုက်ခိုက်မှု




ဖြစ်စဉ်ပေါင်း

**၁၄၇ ခု**

အာဏာသိမ်းပြီး (၂)နှစ်ကျော်အတွင်း

လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်သည်

အနည်းဆုံး (147) ခုထိရှိခဲ့သည်။



အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ကြောင့် သေဆုံးမှုအရေအတွက် **၁၅၈၂**

လေကြောင်းပါဝင်သောအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြောင့် သေဆုံးမှုအရေအတွက် **၅၀၈**

အာဏာသိမ်းပြီး (၂) နှစ်ကျော်အတွင်း

လေကြောင်းတိုက်ခိုက်မှုနှင့်ဆက်စပ်သော

လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု များသည်

စုစုပေါင်း၏ ၃၂%ရှိသည်။

# စစ်အုပ်စု၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ




ကြောင့်ဖြစ်စေ၊ လေကြောင်းအကူအညီကြောင့်ဖြစ်စေ အရပ်သားများအစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသော ဖြစ်စဥ် အနည်းဆုံး (၂၇) ခု ရှိခဲ့ပြီး သေဆုံးသူ စုစုပေါင်း ၅၀၈ ဦး ရှိခဲ့သည်။ အချို့ဖြစ်စဥ်များတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပြေးလာရသော အရပ်သားများကို စစ်အုပ်စု၏ မြေပြင်စစ်ကြောင်းမှ သတ်ဖြတ်ခဲ့သည်။

**လက်နက်ကြီးဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း -** စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သားများ၏ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ရပြီး အရပ်သားများ သေဆုံးခဲ့ရသည်။ အချို့ဖြစ်စဥ်များတွင် အရပ်သားများ အစုလိုက်အပြုံလိုက် သေဆုံးခဲ့သည်။

**တိုက်ပွဲဖြစ်ပွားစဥ်နှင့် နယ်မြေရှင်းလင်းရေးလုပ်ဆောင်စဥ် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း -** စစ်အုပ်စုသည် ၎င်းတို့နှင့် တော်လှန်ရေးအင်အားစုများ တိုက်ပွဲဖြစ်ပွားရာဒေသများရှိ ရွာများကို စစ်ကြောင်းထိုးဝင်ရောက်ကာ အရပ်သားများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးကြသည်။ မပြေးနိုင်သော အရပ်သားများမှာ နေအိမ်အတွင်း မီးလောင်သေဆုံးကြရသည်။ စစ်အုပ်စုစစ်ကြောင်းသည် ရွာများတွင် စခန်းချကာ အရပ်သားများကို ဖမ်းဆီးခြင်း၊ တော်လှန်ရေးအင်အားစုများနှင့်ပတ်သက်သော သတင်းအချက်အလက်များရရှိရန် အရပ်သားများအား နှိပ်စက်မေးမြန်းခြင်းတို့ကို လုပ်ဆောင်ကြသည်။ ရွာတရွာပြီး တရွာ စစ်ကြောင်းထိုးရာတွင် အရပ်သားများကို လူသားဒိုင်းအဖြစ် အသုံးပြုလေ့ရှိသည်။ ထို့အပြင် ဖမ်းဆီးထားသော အရပ်သားများကို စစ်အုပ်စုက တော်လှန်ရေးတပ်ဖွဲ့ဝင်များအဖြစ် စွပ်စွဲကာ သတ်ဖြတ်လေ့ရှိသည်။ အလောင်းများတွင် လက်ပြန်ကြိုးတုပ်ထားခြင်း၊ မီးလောင်ဒဏ်ရာများ၊ ညှင်းပန်းနှိပ်စက်ထားသောဒဏ်ရာများကို တွေ့ရပြီး အချို့မှာ ခေါင်းဖြတ်ခံထားရသည်။


**အစုလိုက်အပြုံလိုက်တံဆိပ်ကပ်သတ်ဖြတ်ခြင်း -** စစ်အုပ်စုနှင့် ပျူစောထီး၊ သွေးသောက်ကဲ့သို့သော ၎င်းတို့၏ လက်ဝေခံများသည် အရပ်သားများကို နေအိမ်တွင် သွားရောက်ဖမ်းဆီးကာ သတ်ဖြတ်ခဲ့ပြီး အလောင်းများကို စွန့်ပစ်ထားခဲ့သည်။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၃ ရက်နေ့ညတွင် နွားထိုးကြီးမြို့မှ အရပ်သား ၃ ဦး၊ မြို့အရှေ့ဘက် ၁ မိုင်အကွာရှိ ထန်းဂွရွာမှ အရပ်သား ၂ ဦးတို့ကို စစ်အုပ်စုက ဖမ်းဆီးခဲ့သည်။ နောက်နေ့တွင် နွားထိုးကြီးမြို့အနောက်ဘက်ရှိ ဇရပ်တခုအနီးတွင် ရုပ်အလောင်း ၁ လောင်း၊ နွားထိုးကြီး-မြစ်သားလမ်းပေါ်ရှိ ထန်းဂွရွာလမ်းဆုံတွင် ရုပ်အလောင်း ၄ လောင်း ကို တွေ့ခဲ့ရသည်။ အချို့အလောင်းများမှ ခေါင်းဖြတ်ခံထားရပြီး လှီးဖြတ်ဒဏ်ရာများကို တွေ့ရသည်။ အလောင်းများ လည်ပင်းတွင် ကျောက်ပန်းတောင်းသွေးသောက်အဖွဲ့ ဟူသော ကတ်ပြားများချိတ်ဆွဲထားခဲ့သည်ကို တွေ့ရသည်။



ဉာဏ်လင်းသစ်သုတေသနအဖွဲ့မှ ၂၀၂၃ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ထုတ်ဝေသည်။

# ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ နိုင်ငံတဝှမ်းရှိ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ

NLTA
NYAN LYNN THIT ANALYTICA




| မြို့နယ် | ဖြစ်စဉ် စုစုပေါင်း | မြို့နယ် | သေဆုံးမှုစုစုပေါင်း |
|---|---|---|---|
| ဝက်လက် | ၈ | ကန့်ဘလူ | ၂၁၇ |
| ယင်းမာပင် | ၇ | ဖားကန့် | ၈၃ |
| ကလေး | ၆ | ပဲခူး | ၈၂ |